# အသိပေးကြေညာချက်

ASEAN Post-marketing Alert System ဖြင့်အကြောင်းကြားမှုအရ စင်္ကာပူနိုင်ငံရှိ Health Sciences Authority (HSA) ၏ဈေးကွက်ထောက်လှမ်းခြင်းနှင့် နမူနာကောက်ယူ စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် Coffee Shop များနှင့် Online တွင်ရောင်းချနေသော Health products (၃)မျိုးဖြစ်သော Kopi Jantan Ali Macca **Coffee**, Kopi Panggung AL-Ambiak Natural Herbs **Coffee** နှင့် Berry Jaga Chewable **Candy** တို့ကိုစစ်ဆေးရာ အနောက်တိုင်းဆေးဝါးများရောနှောပါဝင်နေသည်ကိုတွေ့ရှိရသည့်အတွက် သောက်သုံးရန်မသင့်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

Kopi Jantan Ali Macca **Coffee** တွင် **Sildenafil** ပါဝင်နေခြင်း၊ Kopi Panggung AL-Ambiak Natural Herbs **Coffee** တွင် **Desmethyl carbodenafil** ပါဝင်နေခြင်း၊ Berry Jaga Chewable **Candy** တွင် **Tadalafil** ပါဝင်နေခြင်းစသည်တို့ကိုတွေ့ရှိရပါသည်။

အထက်ပါ Coffee နှင့် Candy တွင်ထည့်သွင်းဖော်ပြထားသည့် ဆေးဝါးများသည် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရသည့်ဆေးဝါးများဖြစ်ပြီး Coffeeနှင့်Candy ထဲတွင် ပါဝင်သည့် ဆေးပမာဏကို မသိရှိနိုင်ခြင်းကြောင့် ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများ **[လေဖြတ်ခြင်း (Stroke)၊ နှလုံးရောဂါ (Heart attack)၊ သွေးပေါင်ကျခြင်း (Low blood pressure)]** ဖြစ်နိုင်ချေ ပို၍များပါသည်။ အထူးသဖြင့် နှလုံးရောဂါအတွက် သောက်ရသော **(Nitrates)** ဆေးဝါးသုံးစွဲ နေရသူများ သောက်သုံးမိပါက အသက်အန္တရာယ် စိုးရိမ်ရသော သွေးပေါင်ကျခြင်း (Life-threatening low blood pressure) ကြောင့် အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ Coffeeနှင့်Candyများကို Online တွင် တရားမဝင်ရောင်းချခြင်းများရှိပါကပြည်သူများအနေဖြင့် သိရှိရှောင်ရှားနိုင်ရန်နှင့်ဖြန့်ဖြူးရောင်းချသူများကို ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့်လည်း ဈေးကွက်ထောက်လှမ်းခြင်း (Post-marketing Surveillance) ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**'KOPI JANTAN ALI MACCA'**






## 'KOPI PANGGUNG AL-AMBIAK NATURAL HERBS COFFEE'







Web page

## 'BERRY JAGA CHEWABLE CANDY'









အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန